KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

## ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပပျောက်ရေးနေ့ ကြေညာချက်

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့

ဤအပြည်ပြည်ဆိုင်ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပပျောက်ရေးနေ့ကို အသိအမှတ်ပြုသည့် အနေဖြင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် နိုင်ငံအနှံ့ရှိ လက်နက်ကိုင်အဖွဲ့အစည်းများမှ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာသော နက်နဲသည့် နာကျင်မှုနှင့် ဝေဒနာများကို မီးမောင်းထိုးဖော်ပြလိုပါသည်။ မြန်မာနိုင်ငံတွင် ပိုမိုဆိုးရွားလာသော လူ့အခွင့်အရေးကျပ်တည်းမှု အခြေအနေများကို ဖြေရှင်းရန်နှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် အရပ်သားများအပေါ် အကြမ်းဖက်မှုများကို ရပ်တန့်ရန် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးကို ကျွန်ုပ်တို့ တိုက်တွန်းနှိုးဆော်လိုပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်း ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများတွင် စစ်တပ်မှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စစ်လက်နက်သဖွယ် ထပ်ခါတလဲလဲနှင့် စနစ်တကျ အသုံးပြုခဲ့ကြသည်ကိုတွေ့ရပါသည်။ ဤလုပ်ရပ်များသည် ပိုမိုကျယ်ပြန့်သော အကြမ်းဖက်မှုနည်းဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လုံးဝအပြစ်ပေးအရေးယူခံရမှုများ မရှိသဖြင့် ဆက်လက်ကျူးလွန်နေကြသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကရင့်လူ့အခွင့်အရေးအဖွဲ့ (KHRG) အပါအဝင် ကရင်အမျိုးသမီးအစည်းအရုံး (KWO) နှင့် ၎င်း၏မိတ်ဖက်များမှ ကရင်ပြည်နယ်အတွင်းရှိ မြန်မာစစ်တပ်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ၁၂၅ မှုကို မှတ်တမ်းတင်ရရှိထားသော်လည်း အမှန်တကယ် ၎င်းကျူးလွန်မှုအရေအတွက်သည် ပိုများနိုင်ဖွယ်ရှိပြီး အကြောင်းအရင်းမှာ အမြစ်တွယ်နေသောပြစ်ဒဏ်မှကင်းလွတ်ခွင့်အမှုအကျင့် နှင့် စနစ်ကျသော အတားအဆီး များသည် ကျူးလွန်ခံရသူများမှ ဖွင့်ဟပြောဆိုနိုင်ရန်အတွက် စိန်ခေါ်မှုဖြစ်သည်။  ကရင်အမျိုးသမီးအစည်းအရုံး (KWO) ၏ အဆိုအရ အဆိုပါကျူးလွန်မှုများ၏ ထက်ဝက်သည် တပ်မတော်၏အရာရှိများက ကျူးလွန်ခဲ့ကြပြီး  အမှုများ၏ ၄၀ ရာခိုင်နှုန်းခန့်သည် အုပ်စုဖွဲ့၍ ကျူးလွန်ခဲ့ကြသည့် အမှုများဖြစ်ပါသည်။[1] ၂၀၂၁ ခုနှစ် စစ်တပ် အာဏာသိမ်းပြီးချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သည် နိုင်ငံတစ်ဝှမ်း အရပ်သားများအပေါ် ပြင်းထန်သော တိုက်ခိုက်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ဖိနှိပ်မှုသဖွယ် ပိုမိုအသုံးပြုလာသည်။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်သော မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)၏ အစီရင်ခံစာအရ စစ်ကောင်စီတပ်သည် လိင်ပိုင်းဆိုင်ရာအကြမ်း

---

[1] KHRG, “Undeniable - War crimes, crimes against humanity and 30 years of villagers’ testimonies in rural Southeast Burma” (2022) 147 <https://www.khrg.org/sites/khrg.org/files/report-docs/undeniable_-_english_full_report.pdf> accessed 11 June 2025.

ဖက်မှုများကို ပဋိပက္ခဇုန်များတွင်သာမက အကျဉ်းထောင်များ၊ စစ်ကြောရေးဌာနများ၊ စစ်ဆေးရေးဂိတ်များနှင့် ဖမ်းဆီးထိန်းသိမ်းထားစဉ် ကာလတွင်လည်း ကျူးလွန်ခဲ့ကြောင်းသိရသည်။[2] စစ်ကောင်စီတပ်သားများ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူများ သည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကိုပါနက်ရှိုင်းစွာထိခိုက်စေရုံသာမက မိသားစုများနှင့် လူမှုအသိုင်းအဝိုင်း တစ်ခုလုံးကို မတည်မငြိမ်ဖြစ်စေသည်ကိုတွေ့ရပါသည်။ ကရင့်လူ့အခွင့်အရေးအဖွဲ့၏ မှတ်တမ်းများအရ ကျေးရွာ များအနီးတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များရှိနေခြင်းသည် အမျိုးသမီးရွာသားများ အထူးသဖြင့် ဆယ်ကျော်သက် အရွယ် မိန်းကလေးငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြိမ်းခြောက်မှုများမှ ကင်းလွတ်အောင် ပုန်းရှောင် ရန်ဖိအားဖြစ်စေခြင်း၊ နေ့စဉ်လူနေမှုဘဝကို အနှောင့်အယှက်ဖြစ်စေကာ လက်ရှိမညီမျှမှုများကို ပိုမိုဆိုးရွား စေပါသည်။[3]

ကရင့်လူ့အခွင့်အရေးအဖွဲ့အစည်းသို့ အစီရင်ခံစာတင်ပြထားသည့် ဖြစ်စဉ်တစ်ခုတွင်၊ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် စစ်ကောင်စီတပ်သားများ ဝင်ရောက်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်မတတ်နိုင်တော့သော အရွယ်အိုအမျိုးသမီးတစ်ဦးအား စစ်ကောင်စီတပ်သားတစ်ဦးမှ သူမ၏အိမ်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပြုကျင့်ခဲ့ပါသည်။ အခင်းဖြစ်ပွားပြီးနောက် ထိုအမျိုးသမီးသည် စစ်တပ်အာဏာပိုင်များထံအမှုဖွင့်ဆိုလိုသော်လည်း  သူမအတွက် လုံခြုံမှု အာမခံချက်မရှိခြင်းနှင့် စစ်ကောင်စီ ထိန်းချုပ်မှုအောက်တွင် လုံခြုံပြီး ထိရောက်သော တရားစီရင်ရေးစနစ်များ မရှိခြင်းကြောင့် အမှုကိုတိုင်တန်းခြင်း မလုပ်ဘဲနေခဲ့ရပါသည်။ နောက်ပိုင်းတွင် ထိုကျူးလွန်ခံရသူသည် ဒေသခံ တော်လှန်ရေးအဖွဲ့များဖြစ်သည့် (PDF နှင့် (KNLA) များထံသို့ အစီရင်ခံတင်ပြခဲ့ပါသည်။ သို့သော်လည်း ကရင့်အမျိုးသားအစည်းအရုံး (KNU)၏ တရားစီရင်ရေးစနစ်သည် ကျူးလွန်သူ စစ်ကောင်စီတပ်သားကို တရားဥပဒေအရအရေးယူရန် စွမ်းရည် သို့မဟုတ် အခွင့်အာဏာများမရှိခဲ့ပါ။ ရလဒ်အနေဖြင့် ထိုအမျိုးသမီးသည် တရားမျှတမှုနှင့် လိုအပ်သော ဝန်ဆောင်မှု အကူအညီရယူခွင့် နှစ်ခုစလုံးကို ထိရောက်စွာမရရှိခဲ့ဘဲ ငြင်းပယ်ခြင်းခံခဲ့ရပါသည်။[4] အမှုများကိုဖုံးဖိခံထားရခြင်း၊ မလုံခြုံမှုများခြင်း၊ တရားဥပဒေစိုးမိုးမှု လုံးဝမရှိခြင်းနှင့် အားနည်းသောတရားစီရင်ရေးစနစ်များကြောင့် မြန်မာ နိုင်ငံအရှေ့တောင်ပိုင်းရှိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ခံရသူအများစုသည် အမှုဖွင့်သတင်းပို့ခြင်းမှ တားဆီးခံထားရပါသည်။ ရလဒ်အနေဖြင့်၊ ထိုကျူးလွန်မှုများသည် ထိရောက်သော အပြစ်ပေးခြင်းနှင့်တာဝန်ခံမှု သို့မဟုတ် တရားမျှတမှုများမရှိခြင်းတို့ကြောင့် ဆက်လက် ချိုးဖောက်မှု များကို ဖြစ်ပေါ်စေသည်။

---

[2] Burmese Women's Union, "The Situation of Women's Peace and Security in the Context of Myanmar's Conflict" (2024) 8 <https://burmesewomensunion.org/wp-content/uploads/2024/10/Eng-Ver-Final_Optimize.pdf> accessed 11 June 2025.

[3] KHRG, "Undeniable - War crimes, crimes against humanity and 30 years of villagers' testimonies in rural Southeast Burma" (2022), 153 <https://www.khrg.org/sites/khrg.org/files/report-docs/undeniable_-_english_full_report.pdf> accessed 11 June 2025

[4] KHRG, "Taw Oo District Incident Report: An SAC soldier committed conflict-related sexual violence against a 90-year-old villager in Daw Hpa Hkoh Township (November 2023)" <https://www.khrg.org/2024/09/24-291-i1/taw-oo-district-incident-report-an-sac-soldier-committed-conflict-related-sexual#ftn9> accessed 11 June 2025.

လက်နက်ကိုင်ပဋိပက္ခများကြောင့် အရပ်သားများအပေါ် စစ်ကောင်စီမှ လိင်အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်နေခြင်းသည် အပြည်ပြည်ဆိုင်ရာဥပဒေအကာအကွယ်များကို ပြင်းထန်စွာချိုး ဖောက်နေသည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာကွန်ဗင်းရှင်း (Geneva Conventions) ၏ ဘုံအပိုဒ် ၃(၁)(က)(ဂ) အရ မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ၏ တရားစီရင်ရေးကို လွှမ်းခြုံရန် အဓိပ္ပာယ်ဖွင့်ဆိုထားသည်သာမက အပိုဆောင်း ပရိုတိုကော (၂)၏ အပိုဒ် ၄(၂)(င) သည် နိုင်ငံတကာ မဟုတ်သော လက်နက်ကိုင်ပဋိပက္ခများ အတွင်းတွင် "အထူးသဖြင့် ဂုဏ်သိက္ခာကို ပြင်းထန်စွာထိခိုက်စေမှု၊ အရှက်ရစေသောဆက်ဆံမှု၊ မုဒိမ်းမှု (...) နှင့် အခြားသော ဣန္ဒြေ သိက္ခာမဲ့သော လုပ်ရပ်မှန်သမျှကို တားမြစ်ထားပါသည်။[5] (၂၀၂၃ ခုနှစ်) ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၂၆၈၆)တွင် လိင်အကြမ်းဖက်မှုကို စစ်ပွဲနည်းသဖွယ် သို့မဟုတ် အရပ်သားများအပေါ် စနစ်တကျတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်အသုံးချခြင်းသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ပိုမိုဆိုးရွားစေပြီး စစ်ပဋိပက္ခကိုလည်း ရှည်ကြာစေသည်သာမက  လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိခိုက်စေသည်ဟု အလေးပေးဖော်ပြထားပါသည်။ နိုင်ငံတကာလူ့ အခွင့်အရေးဥပဒေအောက်တွင် အမျိုးသမီးများ အား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများပပျောက် ရေးသဘောတူစာချုပ် (CEDAW)၏ အပိုဒ် (၁) တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများ၏အခွင့်အရေးကို ထိခိုက်စေသည့် မည်သည့် ခွဲခြားဆက်ဆံမှုမျိုးကိုမဆို ကွယ်ကာကြောင်း ဖော်ပြထားပါသည်။ ထို့နည်းတူ ၎င်းသဘောတူစာချုပ် (CEDAW)၏ အပိုဒ် ၂ (င) တွင်လည်း စစ်ကောင်စီမှ ကျူးလွန်နေသောအကြမ်းဖက်မှုများကဲ့သို့ နှင့် အခြားသောခွဲခြားဆက်ဆံမှု များကို နိုင်ငံတော်အစိုးရများမှ ဖယ်ရှားရှုတ်ချရန်လိုအပ်ပါသည်။[6] (2022 ခုနှစ်) အမျိုးသမီးများအပေါ် အာဆီယံဒေသဆိုင်ရာစီမံချက်အရ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ  ပဋိပက္ခအတွင်း ကျားမရေးရာအခြေခံ အကြမ်းဖက်မှုများကို တားဆီးရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် အဖွဲ့ဝင်နိုင်ငံများကကတိပြုခဲ့ကြပါသည်။ နိုင်ငံတကာ ရာဇဝတ်မှုဥပဒေ (ICL) အရ၊ နိုင်ငံတကာ ရာဇဝတ်တရားရုံး၏ ရောမဥပဒေ အပိုဒ် ၈(၂)(ဂ) အပိုဒ်ငယ် (၁)(၂) နှင့် အပိုဒ် ၈(၂)(င) အပိုဒ်ငယ် (၄) များအရ နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများအတွက် လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှုများကို စစ်ရာဇဝတ်မှုအဖြစ် အမျိုးအစားခွဲခြားထားပါသည်။ ထိုလုပ်ရပ်များသည် အရပ်သား များအပေါ် စနစ်တကျတိုက်ခိုက်မှုတစ်စုံတရာအဖြစ် ကျူးလွန်သည့်အခါ အပိုဒ် (၇) အငယ် (၁) (စ)(တ) သည် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအဖြစ်လည်း ပါဝင်ပါသည်။ ဆက်လက်ပြီး  ပဋိပက္ခများ ထဲမှ စစ်ကောင်စီတပ်၏ လိင်အကြမ်းဖက်မှုကျူးလွန်မှုများသည် တာဝန်ခံမှုနှင့် အသက်ရှင်ကျန်ရစ်သူ၏ တရားမျှတမှုအတွက် အရေးကြီးလိုအပ်သည့်  နိုင်ငံတကာ ဥပဒေဆိုင်ရာ တာ

[5] ICTY, Prosecutor v. Furundžija (Trial Judgement December 1998) para 166; Similarly, Article 7 of the International Covenant on Civil and Political Rights (ICCPR) prohibits torture and cruel, inhuman, or degrading treatment.

[6] UN, CEDAW General recommendation No. 28 on the core obligations of States parties under article 2 of the Convention on the Elimination of All Forms of Discrimination against Women, CEDAW/C/GC/28 (2010) para 36; Further, CEDAW General Recommendation No. 30 (2013) paras 34 and 38 reaffirm these obligations during conflict and institutional collapse, emphasizing the need for protection and remedies for survivors.

ဝန်ဝတ္တရားများကို ကြီးလေးစွာ ချိုးဖောက်မှုဖြစ်ကြောင်း စုစည်း၍ ဤပြဋ္ဌာန်းချက်များက ရှင်းလင်းဖော်ပြထားပါသည်။

ကရင့်လူ့အခွင့်အရေးအဖွဲ့အနေဖြင့် မည်သည့်လိင်အကြမ်းဖက်မှုမျိုးမဆိုကို ရှုတ်ချပြီး ကျူးလွန်ခံရသူများ အားလုံးနှင့်အတူ မယိမ်းမယိုင်ရပ်တည်မည်ဖြစ်သည်။ ကျူးလွန်သူများအား အပြစ်ပေးအရေးယူမှုရှိမှသာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများကို စစ်ကောင်စီမှ စစ်လက်နက်သဖွယ် ဆက်လက်အသုံးပြုခြင်းများ အဆုံးသတ်နိုင်မည်ဖြစ်သည်။ ယနေ့တွင် ကရင့်လူ့အခွင့်အရေးအဖွဲ့မှ နိုင်ငံတကာနှင့် ဒေသတွင်း လုပ်ဖော် ကိုင်ဖက်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များနှင့် ဒေသဆိုင်ရာအာဏာပိုင်များအား ပြစ်ဒဏ်ကင်းလွတ်ခွင့်များ အဆုံးသတ်စေရန်၊ တရားမျှတမှု ရရှိလာစေရန်နှင့် ကျူးလွန်ခံရသူများအတွက် ပံ့ပိုးကူညီမှုများပေးနိုင်ရန်အတွက် အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများပြုလုပ်ရန်တိုက်တွန်းလိုပါသည်။

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ မူလဇစ်မြစ်အကြောင်းတရားများကို အဆုံးသတ်ရန် – ဥပမာအားဖြင့်၊ ဖိလွှမ်းမိုးမှုဓလေ့များနှင့် အမျိုးသမီးများ၏ ကိုယ်ခန္ဓာကို စနစ်တကျတန်ဖိုးနှိမ့်ထားခြင်းများကို အဆုံးသတ်နိုင်ရန် – အပြည်ပြည်ဆိုင်ရာ အမျိုးသမီးဝါဒီများနှင့် လူ့အခွင့်အရေးဆိုင်ရာမူဘောင်များ တွင်ပါဝင်သည့် ပိုမိုခိုင်မာပြီး အသွင်ကူးပြောင်းရေး စွမ်းဆောင်နိုင်သော တားဆီးကာကွယ်ရေး အစီအမံများကို ဒေသတွင်းအခြေအနေများတွင် ကျင့်သုံးရန်။[7]
- ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရှိစေရန် စစ်ကောင်စီအဖွဲ့ဝင်များအပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူအားလုံးကို အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်နှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး (ICC) သို့လွှဲပြောင်းပေးခြင်း (ပုဒ်မ ၁၃(ခ)) သို့မဟုတ် အစိုးရရှေ့နေမှ အစပြုသော စုံစမ်းစစ်ဆေးမှု (ပုဒ်မ ၁၅) များအပါအဝင် ဖြစ်နိုင်သည့် နည်းလမ်းများအသုံးပြု၍ လျင်မြန်စွာနှင့် ပြတ်သားစွာ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်။
- ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (CRSV) ရင်ဆိုင်ရသူများအားထောက်ပံ့ပေးရန်နှင့် ခွဲခြားဆက်ဆံမှုများကိုတားဆီးနိုင်ရန်အတွက် အမျိုးသမီးဝါဒီအသိပညာများ၊ လုံခြုံမှုရှိသော နေရာများနှင့် ပညာပေးအစီအစဉ်များအား လူထုဗဟိုပြုနေရာများတွင်စီစဉ်ပံ့ပိုးပေးရန်။
- စနစ်ကျသည့် လေ့ကျင့်သင်ကြားပေးရေးနှင့် အချိန်နှင့်ကိုက်ညီပြီး ကျူးလွန်ခံရသူများကိုဗဟိုပြုသည့် တရားမျှတမှုရရှိရေးနည်းလမ်းများမှတစ်ဆင့် ဒေသအတွင်း တရားစီရင်ရေးစနစ်များ ပိုမိုအားကောင်းလာရန်ပံ့ပိုးပေးခြင်း။

[7] See, e.g., UN Women, "RESPECT Women: Preventing Violence against Women Framework" (2019); UN Committee on the Elimination of Discrimination against Women, "General Recommendation No. 35 on gender-based violence against women" (2017); Inter-Agency Standing Committee, "Guidelines for Integrating Gender-Based Violence Interventions in Humanitarian Action" (2015); United Nations, "Prevention and Response to Conflict-Related

- စစ်ကောင်စီသည် ဒီမိုကရေစီနည်းကျ လုပ်ပိုင်ခွင့်ကင်းမဲ့ပြီး နိုင်ငံတကာ စံချိန်စံနှုန်းများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသောကြောင့် စစ်ကောင်စီအား နိုင်ငံတကာအဖွဲ့အစည်းများ (ဥပမာ–အာဆီယံ၊ ကုလသမဂ္ဂ) တွင် မြန်မာ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အသိအမှတ်မပြုရန်၊ ။
- တရားမျှတမှုရရှိစေရန်အတွက် နိုင်ငံရေးကြပ်အတည်းများကို အသိအမှတ်ပြုရန်နှင့် ကျူးလွန်ခံရသူများအား ရေရှည်တည်တံ့သော ဥပဒေ၊ ငွေကြေးနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီများပေးအပ်ရာတွင် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများမှတဆင့် ပံ့ပိုးကူညီရန်။

ဆက်သွယ်ရန်:

နော်ဖောလား – nawpawlah@khrg.org (ကရင်နှင့် အင်္ဂလိပ်)

စောအဲလ်ဘတ် – albert@khrg.org (ဗမာ)